# စစ်ကိုင်းတိုင်း၊ ဒီပဲယင်းမြို့နယ် အရှေ့ဘက်ရှိ
# ကျေးရွာများအား လေကြောင်းတိုက်ခိုက်မှု ဖြစ်စဉ်

လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာနမှ တင်ပြသည်။

## အဓိကကျသော အချက်အလက်များ

### ပြစ်မှုကျူးလွန်သူ

အတည်မပြုနိုင်ခဲ့သော စစ်ကောင်စီ၏ လေကြောင်းတပ်ဖွဲ့မှ ရဟတ်ယာဉ် (၄)စီး၊ လိုက်ပါလာသော တပ်ဖွဲ့ဝင်များနှင့် မြေပြင်ရှိ စစ်ကောင်စီတပ်နှင့်ပျူစောထီးတပ်များ ပူးပေါင်း အင်အား (၂၅၀)ခန့်

### ကျူးလွန်ခံရသူများ

**၆** ဦး

စုစုပေါင်း အသတ်ခံရသူ

**၂** ဦး

စုစုပေါင်း ထိခိုက်ဒဏ်ရာရသူ

| အတည်ပြုနိုင်ခဲ့သော သေဆုံးသူများ | အတည်ပြုနိုင်ခဲ့သော ထိခိုက်ဒဏ်ရာရသူများ |
|---|---|
| (ဇူလိုင်လ (၁၄)ရက်နေ့)<br>၁။ ဦးမိုးပေ(ခ)ဦးခင်မောင်ဆန်း | (ဇူလိုင်လ (၁၄)ရက်နေ့)<br>၁။ ဒေါ်ခင်ဌေး |

### ပြည်သူပိုင်ပစ္စည်းပျက်စီးဆုံးရှုံးမှု

**၂** လုံး

လက်နက်ကြီးကျ၍ ပျက်စီးခဲ့သော အိမ်ခြေ

**၂၃** လုံး

မီးရှို့ဖျက်ဆီးခံခဲ့ရသော စုစုပေါင်း အိမ်ခြေ

လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီးပစ်ခတ်မှုကြောင့် ကျေးရွာအတွင်း ထိခိုက်ပျက်စီးမှုများရှိခဲ့သည့်အပြင် ညောင်လှရွာတွင် တပ်စွဲထားသည့် စစ်ကောင်စီတပ်ဖွဲ့ဝင်များသည် ကုန်းတဲရွာကို စစ်ကြောင်းထိုး ဝင်ရောက်ခဲ့ပြီး လက်နက်ကြီးကျမှုကြောင့် နေအိမ်(၂)လုံး ပျက်စီးခဲ့ကာ၊ နေအိမ်(၂၃)လုံးနှင့်၊ စပါးကျီများ မီးရှို့ဖျက်ဆီးခံခဲ့ရသည်။

### ဖြစ်ပွားရာနေရာ




## ဖြစ်စဉ်အကျဉ်းချုပ်

စစ်ကောင်စီတပ်မှ ရဟတ်ယာဉ် (၂)စီးဖြင့် စစ်ကောင်စီတပ်သားများ လာရောက်ချပေးခဲ့ပြီး၊ ကျန်(၂)စီးဖြင့် နေ့လယ် (၂)နာရီခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမြို့နယ်အရှေ့ဘက်ရှိ နများ၊ ညောင်လှ၊ သရက်တော၊ မရကန် ကျေးရွာများကို လေကြောင်းမှ ပစ်ခတ်ခဲ့သည်။ Mi35 ရဟတ်ယာဉ်ဖြင့် ရေဆင်းရွာကို အချက်ရေအနည်းငယ် ပစ်ခတ်ပြီး၊ နများရွာကို အချိန်အတော်ကြာ အဓိက ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။

ကျေးရွာအတွင်းရှိ ဒေသခံပြည်သူများ ထွက်ပြေးရာတွင် ဆိုင်ကယ်တစ်စီးဖြင့် လင်မယားနှစ်ယောက်မှာ ရွာအထွက်တွင် ပစ်ခတ်ခံခဲ့ရသည်။ ပစ်ခတ်ခံရသည့် သူနှစ်ဦးသည် ဒေါ်ခင်ဌေးနှင့် ဦးမိုးပေဖြစ်သည်။ ဒေါ်ခင်ဌေးသည် ဆီးခုံတွင် ကျည်ထိမှန်ခဲ့ပြီး၊ အမျိုးသား ဦးမိုးပေ(ခ) ဦးခင်မောင်ဆန်းသည် နေရာမှာပင် သေဆုံးခဲ့သည်။ ထို့အပြင် ဒေသခံရွာသား(၃)ဦးလည်း ထိခိုက်ဒဏ်ရာရခဲ့သည်။

ရဟတ်ယာဉ်ဖြင့် ချပေးသည့် စစ်ကောင်စီတပ်များက ရေမြင်း၊ ဝဲကြီး၊ ကုန်းကြီး၊ ညောင်လှ၊ သရက်တော ကျေးရွာများကို စစ်ကြောင်းထိုးခဲ့သည်။ ဇူလိုင်လ(၄) ရက်နေ့တွင်ရောက်ရှိနေသည့် စစ်ကြောင်းနှင့် ရဟတ်ယာဉ်ပေါ်မှ ချပေး

## ဖြစ်စဉ်အကျဉ်းချုပ်

သည့် စစ်ကောင် စီတပ်များက ရေမြင်း၊ ဝဲကြီး၊ ကုန်းကြီး၊ ညောင်လှ၊ သရက်တော ကျေးရွာများကို စစ်ကြောင်းထိုးခဲ့သည်။ ဇူလိုင်လ(၄)ရက်နေ့တွင် ရောက်ရှိနေသည့် စစ်ကြောင်းနှင့် ရဟတ်ယာဉ်ပေါ်မှ ချပေးသည့် စစ်ကြောင်း နှစ်ကြောင်းပေါင်း၍ ညောင်လှရွာတွင် တပ်စွဲထားခဲ့သည်။ ညောင်လှရွာတွင် စစ်ကောင်စီနှင့် ပျူစောထီးအင်အား (၂၅၀)ဖြင့် တပ်စွဲထားခြင်းကြောင့် အနီးအနားရှိ သစ်တုံ၊ ကုန်းကြီး၊ မြို့ကြီး၊ ဒိုင်နတ် စသော တစ်မိုင်ပတ်လည်ရှိ ရွာများမှ ရွာသားများ အားလုံး ထွက်ပြေးနေကြရသည်။

ညောင်လှရွာတွင် တပ်စွဲထားသော စစ်ကောင်စီတပ်မှ လက်နက်ကြီးဖြင့် ပစ်ခတ်သည့်အတွက် မဲသည်ကျေးရွာရှိ အသက်(၉)နှစ်အရွယ်ကလေး ထိခိုက်ဒဏ်ရာရခဲ့သည်။ ထို့အပြင် မဲသည်ရွာ၌ စစ်ရှောင်နေသည့် အမျိုးသမီး(၂)ဦး လက်နက် ကြီးထိမှန်၍ သေဆုံးခဲ့သည်။

ကုန်းတဲရွာသို့ စစ်ကောင်စီစစ်ကြောင်းဝင်လာသည့်အချိန်တွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်များနှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့သည်။ ထို့နောက် လက်နက်ကြီးများဖြင့် စစ်ကောင်စီတပ်မှ ပစ်ခတ်ပြီး၊ ရွာကို ဝင်ရောက်မီးရှို့ခဲ့သည်။ အိမ်ခြေ (၂၀၀) ရှိသည့် ကုန်းတဲရွာတွင် လက်နက်ကြီး ကျရောက်မှုကြောင့် နေအိမ်(၂)လုံး ပျက်စီးခဲ့ပြီး၊ အိမ်ခြေ (၂၃) လုံးလည်း မီးရှို့ဖျက်ဆီးခံခဲ့ ရသည်။ ထို့ပြင် စပါးကျီများလည်း ပျက်စီးခဲ့ရသည်။

**ဇူလိုင်လ (၁၄) ရက်၊ ၂၀၂၂ ခုနှစ်။**

### စစ်ကိုင်းတိုင်း၊ ဒီပဲယင်းမြို့နယ် အရှေ့ဘက်ရှိ ကျေးရွာများအတွင်း

## သတ်ဖြတ်ခံရသည့် စာရင်း

| စဉ် | အမည် | လိင် | အသက် | အိမ်ထောင် | မိသားစုဝင် | နေရပ် |
|---|---|---|---|---|---|---|
| ၁ | ဦးမိုးပေ(ခ)ဦးခင်မောင်ဆန်း | ကျား | - | ရှိ | ဒေါ်ခင်ငွေး | နများရွာ |
| ၂ | အမည်မသိရ | ကျား | - | - | - | နများရွာ |
| ၃ | အမည်မသိရ | ကျား | - | - | - | နများရွာ |
| ၄ | အမည်မသိရ | ကျား | - | - | - | နများရွာ |
| ၅ | အမည်မသိရ | မ | - | - | - | မဲသည်ရွာ |
| ၆ | အမည်မသိရ | မ | - | - | - | မဲသည်ရွာ |

### စစ်ကိုင်းတိုင်း၊ ဒီပဲယင်းမြို့နယ် အရှေ့ဘက်ရှိ ကျေးရွာများအတွင်း

## ထိခိုက်ဒဏ်ရာရသူ စာရင်း

| စဉ် | အမည် | လိင် | အသက် | အိမ်ထောင် | မိသားစုဝင် | နေရပ် |
|---|---|---|---|---|---|---|
| ၁ | ဒေါ်ခင်ငွေး | မ | - | ရှိ | ဦးမိုးပေ(ခ)ဦးခင်မောင်ဆန်း | နများရွာ |
| ၂ | အမည်မသိရ | မ | ၉ | - | - | မဲသည်ရွာ |

### စစ်ကိုင်းတိုင်း၊ ဒီပဲယင်းမြို့နယ် ကုန်းတဲကျေးရွာအတွင်း

## ပျက်စီးဆုံးရှုံးမှု စာရင်း

| စဉ် | အမည် | အိမ် | စပါးကျီ |
|---|---|---|---|
| ၁ | ဦးရဲသူ | ၀ | ၁ |
| ၂ | ဦးမြင့်ဝေ | ၂ | ၁ |
| ၃ | ဒေါ်လှသင်း | ၁ | ၀ |
| ၄ | ဦးကျော်လှ | ၁ | ၀ |
| ၅ | ဦးစိုး | ၁ | ၀ |
| ၆ | ဦးအောင်မြင့် | ၁ | ၀ |
| ၇ | ဦးမှတ်ကြီး | ၁ | ၀ |
| ၈ | ဦးမြင့် | ၁ | ၀ |


စစ်ကိုင်းတိုင်း၊ ဒီပဲယင်းမြို့နယ် ကုန်းတဲကျေးရွာအတွင်း

# ပျက်စီးဆုံးရှုံးမှု စာရင်း

| စဉ် | အမည် | အိမ် | စပါးကျီ |
|---|---|---|---|
| ၉ | ဦးဇော်မင်းဌေး | ၁ | ၀ |
| ၁၀ | ဦးတင့် | ၁ | ၀ |
| ၁၁ | ဦးစိုးသူ | ၁ | ၀ |
| ၁၂ | ဦးသိန်းထူး | ၁ | ၀ |
| ၁၃ | ဦးကျော်သိန်း | ၁ | ၀ |
| ၁၄ | ဦးဟိန်းစိုး | ၁ | ၀ |
| ၁၅ | ဦးအောင်ထူး | ၁ | ၁ |
| ၁၆ | ဒေါ်ဆွေဦး | ၁ | ၀ |
| ၁၇ | ဒေါ်ရွှေကြည် | ၁ | ၀ |
| ၁၈ | ဦးသိန်းဇော် | ၁ | ၀ |
| ၁၉ | ဦးမျိုးမြင့် | ၁ | ၀ |
| ၂၀ | ဒေါ်သိန်းငွေ | ၁ | ၀ |
| ၂၁ | ဦးဇော်ပု | ၁ | ၁ |
| ၂၂ | ဦးမင်းသူ | ၂ | ၁ |
| ၂၃ | ဦးအေးသာ | ၁ | ၀ |
| ၂၄ | ဦးလတ် | ၁ | ၀ |

စစ်ကောင်စီတပ်များ၏ ဝင်ရောက်ဖျက်ဆီးမှုကြောင့် အိမ်ခြေ (၂၀၀) ရှိသည့် ကုန်းတဲရွာတွင် လူနေအိမ်စုစုပေါင်း (၂၅)လုံး (ရွာ၏ ၈ပုံ ၁ပုံ) ပျက်စီးခဲ့ရသည်။

## ဓာတ်ပုံမှတ်တမ်းများ




ပုံ(၁) – လက်နက်ကြီးကြောင့် ထိခိုက်ပျက်စီးသွားသည့် ဒေသခံပြည်သူတစ်ဦး၏ နေအိမ်။




ပုံ(၂) – လက်နက်ကြီးကြောင့် ထိခိုက်ပျက်စီးသွားသည့် ဒေသခံပြည်သူတစ်ဦး၏ နေအိမ် အဝေးမှမြင်ရပုံ။

# ဓာတ်ပုံမှတ်တမ်းများ



ပုံ(၃) – ကုန်းတဲရွာအတွင်း မီးရှို့ခံထားရသည့် မြင်ကွင်း။



ပုံ(၄) – ကုန်းတဲရွာအတွင်း မီးရှို့ခံထားရသည့် မြင်ကွင်း။



ပုံ(၅) – ကုန်းတဲရွာအတွင်း မီးရှို့ဖျက်ဆီးခံထားရသည့် မြင်ကွင်း။



ပုံ(၆) – ကုန်းတဲရွာအတွင်း မီးရှို့ဖျက်ဆီးခံထားရသည့် မြင်ကွင်း။